ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

( နည်းဥပဒေ ၁၇(ဃ) )

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၇/၂၀၂၄ )

| | |
|---|---|
| ဦးကျော်ဇင်ထွန်းပါ(၁၇၆)ဦး(အလုပ်သမား)<br>အမှတ်(၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉-၆၇၁ ၁၂၀ ၃၃၉ | တောင်းဆိုသူ |
| နှင့် | |
| Mr. Jin Li (အလုပ်ရှင်)<br>Kingsrich (Myanmar)Fashion Co., Ltd<br>(အထည်ချုပ်စက်ရုံ)<br>အမှတ်(၃၉/၁၊ ၂၊ ၃)၊ ရေပြာလမ်း၊ စက်မှုဇုန်(၂)<br>ရွှေပြည်သာမြို့နယ်။<br>၀၉-၄၂၁ ၀၇၄ ၈၁၇ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ ရေပြာလမ်းအမှတ်(၃၉/၁၊၂၊ ၃)ရှိ Kingsrich (Myanmar)Fashion Co., Ltd (အထည်ချုပ်စက်ရုံ)မှ Mr. Jin Li (အလုပ်ရှင်)နှင့် ဦးကျော်ဇင်ထွန်းပါ(၁၇၆)ဦး(အလုပ်သမား)တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

ကောက်ချက်။ (က) အလုပ်ရှင်က အလုပ်သမားတစ်ဦးလျှင် ရှားပါးစရိတ် ၃၀၀၀၀/- ကျပ် ပေးရန် သင့်/မသင့်။

(ခ) အလုပ်ရှင်က အလုပ်သမားများအား Grade A မှ Grade C အထိ Grade ကြေး ၃၀၀၀၀/- ကျပ် တိုးပေးရန် သင့်/မသင့်။

(ဂ) အလုပ်ရှင်က Iron ဌာနအတွက် အပူခံကြေး ၄၀၀၀၀/- ကျပ် ပေးရန် သင့်/မသင့်။

(ဃ) အလုပ်ရှင်က အလုပ်သမားများအား အထည်ထွက်နှုန်းအလိုက် အထည်ကြေးပေးရန် သင့်/မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ယခုအငြင်းပွားမှုသည် Kingsrich (Myanmar) Fashion (အထည်ချုပ်စက်ရုံ)မှ အလုပ်ရှင် Mr. Jin Li(တရုတ်နိုင်ငံသား)နှင့် ဦးကျော်ဇင်ထွန်းပါ အလုပ်သမား (၅၇၆)ဦးတို့ အကြားတွင် တောင်းဆိုချက်(၄)ချက်နှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ တိုင်ကြားခဲ့ရာ အလုပ်ရှင်က လိုက်လျောနိုင်ခြင်းမရှိသဖြင့် ပြေလည်မှုမရရှိဘဲ ရန်ကုန်တိုင်း၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား (၅၇၆)ဦးကိုယ်စား ဦးကျော်ဇင်ထွန်းမှ ထွက်ဆိုတင်ပြရာတွင် Kingsrich (Myanmar) Fashion (အထည်ချုပ်စက်ရုံ)အား တောင်းဆိုချက်(၅)ချက်ဖြစ်သော (က) ရှားပါးစရိတ် ၃၀၀၀၀/-ကျပ်ပေးရန်၊ (ခ) Grade ကြေး Grade A မှ Grade C အထိ ၃၀၀၀၀/-ကျပ်ပေးရန်၊ (ဂ) Iron ဌာနအတွက် အပူခံကြေး ၄၀၀၀၀/-ကျပ်ပေးရန်၊ (ဃ) အထည်ထွက်နှုန်းအလိုက် အထည်ကြေးပေးရန်၊ (င) ရက်မှန်ကြေးနှင့် ၆၀၀၀၀/-ကျပ်ပေးရန်တို့ကို တောင်းဆိုခဲ့ကြောင်းနှင့် ၎င်းတို့ တောင်းဆိုမှုတွင် စက်ချုပ်၊ Other Sections ဖြစ်သော Finishing, Iron, Cutting ဌာနတို့ ပါဝင်ပါကြောင်း၊ (၇-၁၀-၂၀၂၄) ရက်နေ့မှ (၁၃-၁၀-၂၀၂၄)ရက်နေ့အထိ အလုပ်ရပ်ပြီး လူဦးရေ (၁၀၀၀) နီးပါးခန့် လစာတိုးတောင်းမှုပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရှင်က ရက်မှန်ကြေး ၁၀၀၀၀/-ကျပ်တိုးပေးခဲ့ပါကြောင်း၊ ကျန်(၄)ချက်ရရှိရန်အတွက် ဆက်လက်တောင်းဆိုခဲ့ပါကြောင်း၊ (၇-၁၀-၂၀၂၄) ရက်နေ့တွင် ဆန္ဒပြအလုပ်သမားများအား ခြိမ်းခြောက်မှုများရှိပါကြောင်း၊ (၁၄-၁၀-၂၀၂၄)ရက်နေ့နှင့် (၁၅-၁၀-၂၀၂၄)ရက်နေ့တို့တွင် အလုပ်ပြန်လုပ်ခဲ့ပါကြောင်း၊ သီတင်းကျွတ်ပိတ်ပြီး ပြန်ဖွင့်သည့်အချိန်တွင် အလုပ်လုပ်ရင်း (၂၄-၁၀-၂၀၂၄)ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ တိုင်ကြားခဲ့ရာ ညှိနှိုင်းမှုအရ ရက်မှန်ကြေး ၁၀၀၀၀/-ကျပ်တိုးရန်ကိစ္စ အဆင်ပြေသော်လည်း ကျန်(၄)ချက်မှာ ပြေလည်မှုမရှိခဲ့သဖြင့် ရန်ကုန်တိုင်း၊ ခုံသမာဓိအဖွဲ့သို့ တက်ရောက်ခဲ့

ခြင်းဖြစ်ပါကြောင်း၊ တောင်းဆိုချက်(၄)ချက် တောင်းခံရခြင်းမှာ ပထမအချက်ဖြစ်သော ရှားပါး စရိတ် ၃၀၀၀၀/-ကျပ်ပေးရန်ကိစ္စတွင် ပထမအကြိမ်အစိုးရမှ ထောက်ပံ့ကြေးအဖြစ် ၁၀၀၀/- ကျပ်အား အခြေခံလစာ ၁၄၄၀၀၀/-ကျပ်နှင့် စုစုပေါင်း ၁၄၅၀၀၀/-ကျပ်ရရှိခဲ့ပြီး အလုပ်သမား များ တောင်းဆိုမှုကြောင့် နောက်ထပ်စက်ရုံဘက်မှ ထောက်ပံ့ကြေး ၁၇၀၀/-ကျပ်ကို အစိုးရ ထပ်မံ မကြေညာမီ(၂)လအလို တိုးမြှင့်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် အစိုးရမှ ထောက်ပံ့ကြေး ၁၀၀၀/-ကျပ်ပေးရန် ကြေညာသည့်အခါတွင် စက်ရုံမှ ၁၇၀၀/-ကျပ် တိုးမြှင့်ပေးထားပြီးဖြစ်၍ ထပ်မံ တိုးပေးခြင်းမရှိခဲ့ပါကြောင်း၊ ထို့ကြောင့်ရှားပါးစရိတ် ၃၀၀၀၀/-ကျပ် တောင်းဆိုရခြင်း ဖြစ်ပါကြောင်း၊ ဒုတိယတောင်းဆိုချက်ဖြစ်သော Grade ကြေး Grade A မှ Grade C အထိ ၃၀၀၀၀/-ကျပ်ပေးရန်ကိစ္စတွင် စက်ချုပ်အလုပ်သမားများအတွက် Grade A ကြေး ၅၀၀၀၀/-ကျပ်၊ Grade A + ၈၀၀၀၀/-ကျပ်၊ Grade A 1 မသိပါ၊ Grade B ကြေး ၃၀၀၀၀/-ကျပ်၊ Grade B 1 ၁၅၀၀၀/-ကျပ်၊ Grade C ကြေး မရှိပါကြောင်း၊ Other Sections A Grade ၃၀၀၀၀/-ကျပ်၊ B Grade ၂၀၀၀၀/-ကျပ်၊ C Grade ၁၀၀၀၀/-ကျပ်၊ Iron ဌာနတွင် A Grade ကြေး ၅၀၀၀၀/-ကျပ်၊ B Grade ကြေး ၂၅၀၀၀/-ကျပ်တို့ရှိပါကြောင်း၊ သို့သော် အလုပ်စတင်ဝင်စဉ် အင်တာဗျူးသည့်အချိန်တွင် HR မသက်စုဝင်းမှ နှုတ်ဖြင့် A ဂရိတ်ကြေး ၈၀၀၀၀/-ကျပ်၊ B ဂရိတ်ကြေး ၅၀၀၀၀/-ကျပ်နှင့် C ဂရိတ် ကြေး ၁၅၀၀၀/-ကျပ်ရရှိမည်ဟု ပြောခဲ့သည့်အတွက် တောင်းဆိုရခြင်းဖြစ်ပါကြောင်း၊ ယခု HR မသက်စုဝင်းသည် စက်ရုံတွင် အလုပ်မလုပ်တော့ပါကြောင်း၊ တတိယတောင်းဆိုချက်ဖြစ်သော Iron ဌာနအတွက် အပူခံကြေး ၄၀၀၀၀/-ကျပ်ပေးရန်ကိစ္စတွင် HR မသက်စုဝင်းမှ အင်တာဗျူး တွင် အပူခံကြေးပေးမည်ဟု ပြောခဲ့သည့်အတွက် တောင်းဆိုခြင်းဖြစ်ပါကြောင်း၊ စက်ရုံတွင် WCC ဖြင့် ညှိနှိုင်းစဉ် Iron ဌာနအား ပန်ကာတပ်ပေးလျှင် အပူခံကြေးပေးစရာမလိုကြောင်း ညှိနှိုင်းခဲ့ သော်လည်း စက်ရုံမှ ယခုအထိ တပ်ဆင်ပေးခြင်းမရှိပါကြောင်း၊ စတုတ္ထတောင်းဆိုသော အထည် ထွက်နှုန်းအလိုက် အထည်ကြေးပေးရန်ကိစ္စတွင် ယခင်ကအထည်ထွက်နှုန်းကြေးကို သတ်မှတ် စတိုင်အလိုက် သတ်မှတ်နှုန်းကြေး တစ်ခုဖြင့်ပေးခဲ့ပါကြောင်း၊ ယခု အထည်ဆုကြေးအား ထောက်ပံ့ကြေး ၁၇၀၀/-ကျပ်ပေးပြီးသည့်နောက်တွင် မရရှိသဖြင့် တောင်းဆိုခြင်းဖြစ်ပါ ကြောင်း၊ All Super Line သားများ၊ WCC အခြေခံအလုပ်သမားအဖွဲ့အစည်း နှင့် HR မန်နေဂျာတို့က အထည်ထွက်နှုန်း စတိုင်အလိုက် အထည်ကြေးနှုန်းပေးရန် သဘောတူညီခဲ့သော်လည်း အလုပ်ရှင် မှ စာချုပ်မချုပ်ပေးခဲ့ပါကြောင်း၊ (၇-၁၀-၂၀၂၄)ရက်နေ့မတိုင်မီ တောင်းဆိုချက်များအား အလုပ်ရှင်၊ WCC အဖွဲ့သို့ စာဖြင့်တင်ပြခဲ့ခြင်းမရှိပါကြောင်း၊ ခုံသမာဓိအဖွဲ့သို့ တက်ရောက်လာသော အလုပ် သမားများ၏ ရာထူးအလိုက်ရရှိခဲ့သည့် လစာများ တင်ပြရာတွင် Iron B အလုပ်သမားမှာ အခြေခံ

လစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေး တစ်နာရီ ၂၀၀၀/-ကျပ် + ရက်မှန်ကြေး ယခင် ၃၀၀၀၀/-ကျပ်(ယခု ၁၁/၂၀၂၄ လတွင် ၄၀၀၀၀/-ကျပ်) + Grade ကြေး ၅၀၀၀၀/-ကျပ် + အထည်ထွက်နှုန်း ဘောနပ် ၃၀၀၀၀/-ကျပ်တို့ဖြစ်ပါကြောင်း၊ စက်ချုပ် C အလုပ်သမားမှာ အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေးတစ်နာရီ ၂၀၀၀/-ကျပ် + ရက်မှန်ကြေး ယခင် ၃၀၀၀၀/-ကျပ်(ယခု ၁၁/၂၀၂၄ လတွင် ၄၀၀၀၀/-ကျပ်) + Grade ကြေးမရှိပါ၊ အထည်ထွက်နှုန်း ဘောနပ် ၁၅၀၀၀/-ကျပ်တို့ဖြစ်ပါကြောင်း၊ Other Sections ၏ Finishing အလုပ်သမားမှာ အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေးတစ်နာရီ ၂၀၀၀/-ကျပ် + ရက်မှန်ကြေး ယခင် ၃၀၀၀၀/-ကျပ်(ယခု ၁၁/၂၀၂၄ လတွင် ၄၀၀၀၀/-ကျပ်)+ Grade ကြေး ၁၀၀၀၀/-ကျပ် + အထည်ထွက်နှုန်းကြေး ဘောနပ် (၈၀၀၀/-ကျပ်မှ ၉၀၀၀/-ကျပ်ကြား)တို့ဖြစ်ပါကြောင်း၊ Cutting C အလုပ်သမားမှာ အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OTကြေးတစ်နာရီ ၂၀၀၀/-ကျပ် + ရက်မှန်ကြေး ယခင် ၃၀၀၀၀/-ကျပ်(ယခု ၁၁/၂၀၂၄ လတွင် ၄၀၀၀၀/-ကျပ်) + Grade ကြေး မရှိပါကြောင်း၊ အထည်ထွက်နှုန်း ဘောနပ် ( ၇၀၀၀/-ကျပ် မှ ၉၀၀၀/-ကျပ်ကြား)တို့ဖြစ်ပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ (HR မန်နေဂျာ) ဒေါ်ယဉ်မွန်အောင်က ထွက်ဆိုတင်ပြရာတွင် Kingsrich (Myanmar) Fashion (အထည်ချုပ်စက်ရုံ)ကို (၂၆-၈-၂၀၁၆) ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အလုပ်ရှင်မှာ Mr. Jin Li(တရုတ်နိုင်ငံသား)ဖြစ်ပါကြောင်း၊ စက်ရုံတွင် အလုပ်သမား ကျား (၁၇၀)ဦး၊ မ (၉၉၇)ဦး၊ စုစုပေါင်း (၁၁၆၇)ဦးတို့ရှိပြီး ဂျာကင်၊ ဘောင်းဘီ၊ ဝယ်ကွန်တို့ကိုထုတ်လုပ်ပြီး ဥရောပနိုင်ငံများသို့ တင်ပို့ပါကြောင်း၊ ရှားပါးစရိတ် ၃၀၀၀၀/-ကျပ် တောင်းဆိုမှုအပေါ်တွင် ၂၀၂၄ ခုနှစ်၊ ဇွန်လပိုင်းမှာ ဝန်ထမ်းများ စားဝတ်နေရေးပြေလည်ရန်အတွက် ထောက်ပံ့ကြေးအနေဖြင့် ၅၁၀၀၀ိ/-ကျပ်၊ OT ကြေး၊ ထောက်ပံ့ကြေး ၃၆၀၀၀ိ/- ၊ စုစုပေါင်း ၈၇၀၀၀ိ/-တိုးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သတ်မှတ်နှုန်းထက်သာလွန်ပြီး ပေးထားခြင်းဖြစ်သည့်အတွက် ယခုတောင်းဆိုမှုအား မပေးနိုင်ပါကြောင်း၊ စက်ရုံအခြေအနေမှာ ချုပ်နေသည့် Order Brand H & M မှာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လပိုင်းတွင် အပြီးအပိုင်ထွက်ခွာသွားမည်ဖြစ်ပြီး ယခုအချိန်တွင်လည်း Order များရရှိမှုနည်းပါးသောကြောင့် အခြားစက်ရုံမှ Order များ ရယူပြီးချုပ်နေရပါကြောင်း၊ ငွေလဲလှယ်မှုနှုန်းထားပြောင်းလဲခြင်း၊ လျှပ်စစ်မီးရရှိမှုနည်းသည့်အတွက် စက်ရုံတွင် ရေပိုး၊ မီးပိုး ခက်ခဲမှုများရှိပါကြောင်း၊ စက်ရုံဝန်ထမ်းများအား နိုင်ငံတော်သတ်မှတ်နှုန်းထားထက်ကျော်လွန်၍ ပေးထားပြီးဖြစ်ပါကြောင်း၊ Grade A မှ Grade C အထိ ၃၀၀၀၀/-ကျပ် ပေးရန် တောင်းဆိုမှုအပေါ် စက်ရုံသည် ၈ နှစ်ကာလအတွင်း လစာတွက်ချက်မှုကို သက်ဆိုင်ရာ

ဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းခေါ်ယူသည့်အချိန်တွင် စနစ်တကျခေါ်ပြီး ဗိုင်းနှင့် လက်ကမ်းစာစောင်တို့တွင် Grade A နှင့် Grade B တို့အား ၈၀၀၀၀/-ကျပ်ပေးမည်ဟု ရေးသားထားခြင်း၊ ပြောဆိုခြင်းမရှိပါကြောင်း၊ အလုပ်သမားများပြောသော A,B,C Grade များကို ပြောသည့်အတိုင်း ပေးထားပါကြောင်း၊ စက်ချုပ် Grade C ကို Grade ကြေးမပေးခြင်းမှာ အသင့်အနေအဆင့်သာရှိခြင်းကြောင့် မပေးခြင်းဖြစ်ပါကြောင်း၊ အထည်ထွက်နှုန်း ဘောနပ်အား Grade C ကို ၂၀၀၀၀/-ကျပ် ပေးထားခြင်းဖြစ်ပါကြောင်း၊ စက်ချုပ်အလုပ်သမားများအနေဖြင့် Grade A ကြေး ၅၀၀၀၀/-ကျပ်၊ Grade A +၈၅၀၀၀/-ကျပ်၊ Grade A 1- ၃၅၀၀၀/-ကျပ်၊ Grade A 2- ၂၀၀၀၀/-ကျပ်၊ Grade B ကြေး ၁၀၀၀၀/-ကျပ်၊ Grade B 1 ၁၀၀၀၀/-ကျပ်၊ Grade C ကြေး မရှိပါကြောင်း၊ Grade ကြေးများကို Gatepass ဖြင့် အပြင်ထွက်လျှင်လည်းကောင်း၊ ရက်ပျက်လျှင်လည်းကောင်း ဖြတ်တောက်ပါကြောင်း၊ အထည်ထွက်နှုန်း ဘောနပ်ပေးခြင်းသည် စက်ရုံသို့ အလုပ်သမားစတင်ဝင်ရောက် အလုပ်လုပ်သည့်အချိန်မှ အချိန်ပြည့်အလုပ်လုပ်လျှင်ပေးခြင်းဖြစ်ပါကြောင်း၊ အလုပ်လုပ်နေစဉ် Gatepassဖြင့် အပြင်ထွက်လျှင်လည်းကောင်း၊ ရက်ပျက်လျှင်လည်းကောင်း၊ နာရီအလိုက် ဖြတ်တောက်ပါကြောင်းနှင့် အထည်ထွက်နှုန်းကြေး ဘောနပ်အား Grade A +၄၀၀၀၀/-ကျပ်၊ Grade A ၃၀၀၀၀/-ကျပ်၊ Grade A 1- ၃၀၀၀၀/-ကျပ်၊ Grade A 2- ၃၀၀၀၀/-ကျပ်၊ Grade B ကြေး ၃၀၀၀၀/-ကျပ်၊ Grade B 1 ၂၀၀၀၀/-ကျပ်၊ Grade C ကြေး ၂၀၀၀၀/-ကျပ်တို့ဖြစ်ပါကြောင်း၊ Iron ဌာနအား အပူခံကြေး ၄၀၀၀၀/-ကျပ်ပေးရန် တောင်းဆိုမှုအပေါ်တွင် အလုပ်စတင်ဝင်ရောက်စဉ်ကတည်းက Iron ဌာနအတွက် လစာသတ်မှတ်ပြီးဖြစ်ပါကြောင်း၊ အပူခံကြေးဟုပြောရာတွင် ယခင်ကတည်းက သတ်မှတ်ထားခြင်းမရှိခဲ့ပါကြောင်း၊ စက်ရုံတွင် အသုံးပြုသည့် မီးအပူခံများသည်လည်း အပူစုပ်သည့်စနစ်ပါရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများသည်လည်း လာရောက်စစ်ဆေးမှုရှိပါကြောင်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ (၆)လ တစ်ကြိမ်လာရောက်စစ်ဆေးပါကြောင်း၊ တပ်ဆင်ထားသော Auto System စက်များသည် ပန်ကာတပ်ဆင်ရန် မလိုသည့်အတွက် အလုပ်သမားတောင်းဆိုသော အပူခံကြေး မပေးနိုင်ပါကြောင်း၊ အထည်ထွက်နှုန်းအလိုက် အထည်ကြေးပေးရန် တောင်းဆိုမှုအပေါ်တွင် ယခင်က အထည်အထွက်နှုန်းအလိုက် အထည်ကြေးပေးခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇွန်လပိုင်းတွင် အလုပ်သမားများနှင့်ညှိနှိုင်းပြီး အထည်ထွက်နှုန်း အထည်ကြေးအစား ထောက်ပံ့ကြေးအဖြစ် အလုပ်သမားများ အားလုံးရရှိရေးအတွက် ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အထည်ထွက်နှုန်းအလိုက် အထည်ကြေးပေးချေမှုကို စက်ရုံမှ တတ်နိုင်သည့် အတိုင်းအတာအရ စတိုင်အလိုက် စံချိန်ပြည့်မီ ကျော်လွန်လျှင် အထည်ကြေး၊ ဆုကြေးကို သာ(၁၀/၂၀၂၄)လစာတွင် ပေးမည်ဖြစ်ပါကြောင်း၊ Iron အလုပ်သမားအတွက် အခြေခံလစာ

၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေးတစ်နာရီ ၂၀၀၀/-ကျပ် + Grade ကြေး ၃၀၀၀၀/-ကျပ် + အထည်ထွက်နှုန်းကြေး ဘောနပ် ၁၅၀၀၀/-ကျပ် နှင့် ရက်မှန်ကြေး ၄၀၀၀၀/-ကျပ်၊ စုစုပေါင်း ၄၀၀၀၀၀ကျော်နီးပါးခန့်ဖြစ်ပါကြောင်း၊ စက်ချုပ် A အလုပ်သမားအတွက် အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေး တစ်နာရီ ၂၀၀၀/-ကျပ် + Grade ကြေး ၅၀၀၀၀/-ကျပ် + အထည်ထွက်နှုန်းကြေး ဘောနပ် ၃၀၀၀၀/-ကျပ် နှင့် ရက်မှန်ကြေး ၄၀၀၀၀/-ကျပ်၊ စုစုပေါင်း ၄၅၀,၀၀၀/-ကျပ်ကျော်ရရှိပါကြောင်း၊ စက်ချုပ် C အလုပ်သမားအတွက် အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေးတစ်နာရီ ၂၀၀၀/-ကျပ် + Grade ကြေး မရရှိပါကြောင်း၊ အထည်ထွက်နှုန်းကြေး ဘောနပ် ၂၀၀၀၀/-ကျပ်နှင့် ရက်မှန်ကြေး ၄၀၀၀၀/-ကျပ်၊ စုစုပေါင်း ၄၀၀,၀၀၀/-ကျပ်နီးပါးခန့်ရရှိပါကြောင်း၊ Finishing C အလုပ်သမားအတွက် အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေးတစ်နာရီ ၂၀၀၀/-ကျပ် + Grade ကြေး ၁၀၀၀၀/-ကျပ် + အထည် ထွက်နှုန်းကြေး ဘောနပ် ၁၀၀၀၀/-ကျပ် နှင့် ရက်မှန်ကြေး ၄၀၀၀၀/-ကျပ်၊ စုစုပေါင်း ၄၀၀,၀၀၀/-ကျပ်နီးပါးရရှိပါကြောင်း၊ Cutting C အလုပ်သမားအတွက် အခြေခံလစာ ၁၄၄၀၀၀/-ကျပ် + ထောက်ပံ့ကြေး ၂၇၀၀/-ကျပ် + OT ကြေး တစ်နာရီ ၂၀၀၀/-ကျပ် + Grade ကြေး ၁၀၀၀၀/-ကျပ် + အထည်ထွက်နှုန်းကြေး ဘောနပ် ၁၀၀၀၀/-ကျပ်နှင့် ရက်မှန်ကြေး ၄၀၀၀၀/-ကျပ်၊ စုစုပေါင်း ၄၀၀,၀၀၀/-ကျပ်နီးပါးခန့်ရရှိပါကြောင်း၊ အလုပ်သမားများ (၇-၁၀-၂၀၂၄)ရက်နေ့ တောင်းဆိုပြီး နောက်ပိုင်းတွင် စက်ရုံမှ လုပ်ခလစာဆုကြေး၊ ထောက်ပံ့ကြေးတို့ကို တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ရက်မှန်ကြေး ၃၀၀၀၀/-ကျပ်အား (၁၁/၂၀၂၄)လမှစ၍ ၁၀၀၀၀/-ကျပ်တိုးမြှင့်ပေးခဲ့၍ စုစုပေါင်း ၄၀၀၀၀/-ကျပ်ရရှိပါကြောင်း၊ Grade ကြေးသတ်မှတ်ချက်အား ယခင် (၃)လတစ်ကြိမ် အရည်အချင်းစစ်ပြီး (၃)ဦးအား Grade တိုးမြှင့်ပေးရာမှ ယခု (၁)လလျှင် အလုပ်သမားများအား တစ်လိုင်းလျှင် တစ်ဦးကျစီဖြင့် အရည်အချင်းစစ်၍ Grade ကြေးတိုးမြှင့်ပေးခဲ့ပါကြောင်းနှင့် အထည်ထွက်နှုန်း စတိုင်အလိုက် အထည်ကြေးအား (၁၁/၂၀၂၄)လစာတွင် စံချိန်များပြည့်မီကျော်လွန်၍ ဆုကြေးကို တွက်ချက်ပေးထားပြီးဖြစ်ပါ၍ ဦးကျော်ဇင်ထွန်းပါ အလုပ်သမား (၅၇၆)ဦး တောင်းဆိုသောတောင်းဆိုချက်(၄)ချက်ကို မလိုက်လျောနိုင်ပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၆။ Kingsrich (Myanmar) Fashion (အထည်ချုပ်စက်ရုံ)ကို (၂၆-၈-၂၀၁၆)ရက်နေ့မှ စတင် ဖွင့်လှစ်လုပ်ကိုင်ပြီး ယခု အလုပ်သမား လူဦးရေ (၁၁၆၇)ဦးရှိသည့်အတွက် အလုပ်သမား ဦးကျော်ဇင်ထွန်းပါအလုပ်သမား(၅၇၆)ဦးတို့မှ တောင်းဆိုချင်သော်လည်း ထိုတောင်းဆိုချက်

များသည် အလုပ်သမားအားလုံးနှင့်သက်ဆိုင်ကြောင်း သုံးသပ်ရသည်။ အလုပ်ရှင်က အလုပ်သမားများအား အထည်ထွက်နှုန်း ဘောနပ်စ်နှင့် Grade ကြေးအဖြစ်ပေးထားသောနှုန်း ထားသည် အထည်ထွက်မှုပေးခြင်းမဟုတ်ဘဲ အလုပ်ချိန်အပြည့် အလုပ်လုပ်လျှင်ပေးသောနှုန်း ထားဖြစ်ကြောင်း သုံးသပ်ရပြီး၊ Gatepass ဖြင့်လည်းကောင်း၊ ရက်ပျက်လျှင်လည်းကောင်း၊ ပျက်ကွက်သည့် နာရီအလိုက်ဖြတ်တောက်ခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။

၇။ ရှားပါးစရိတ်၊ ဆုကြေး၊ ကျွမ်းကျင်ကြေးတို့နှင့်ပတ်သက်၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အပိုဒ် ၆(ည)တွင် "အခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ် သမားရထိုက်သော လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ရှားပါးစရိတ်၊ ဆုကြေး၊ အပိုထောက်ပံ့ကြေး များကို အလုပ်ရှင်များက မိမိတို့လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်အပေါ်မူတည်၍ အလုပ် သမားအား ချီးမြှင့်နိုင်သည်"ဟု ဖော်ပြပါရှိထားကြောင်း တွေ့ရှိရသဖြင့် ရှားပါးစရိတ်၊ ဆုကြေး၊ ကျွမ်းကျင်ကြေးတို့သည် အလုပ်ရှင် လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်ပေါ်မူတည်၍ ပေးရ သောငွေကြေးသာဖြစ်ကြောင်း ပြဌာန်းထား၍ အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းဆောင်ရွက်ရမည် ကိစ္စရပ်ဖြစ်ကြောင်း သုံးသပ်ရသည်။ Iron ဌာန အပူခံကြေး ၄၀၀၀၀/-ကျပ်ပေးရန်ကိစ္စနှင့်ပတ် သက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် Iron ဌာန အပူချိန်သည် ဥပဒေ နှင့်ညီညွတ်ခြင်းရှိ/မရှိ စစ်ဆေးပြီး ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး အလုပ်သမားများ၏ ကျန်းမာရေးကိစ္စရပ်ဖြစ်၍ ငွေကြေးနှင့် တောင်းဆိုရန်မသင့်ကြောင်း သုံးသပ် သည်။

၈။ ဦးကျော်ဇင်ထွန်းပါ အလုပ်သမား(၅၇၆)ဦး တောင်းဆိုသောတောင်းဆိုချက်များသည် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်ရှင်တို့ လုပ်ငန်းခွင်မပြတ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်၍ ခုံသမာဓိအဖွဲ့က ဝင်ရောက်ဖြေရှင်းဆုံးဖြတ်ပေးရန် မလိုအပ်ကြောင်း သုံးသပ်ရသည်။

၉။ Kingsrich (Myanmar) Fashion (အထည်ချုပ်စက်ရုံ)၌ (၁၃-၉-၂၀၂၄)ရက်နေ့တွင် ဦးကျော်ဇင်ထွန်း(ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်သော အခြေခံအလုပ်သမားအဖွဲ့အစည်းအား အလုပ် သမားညွှန်ကြားရေးဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပါသည်။ ယခုတောင်းဆို ချက်များအား ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်မချမှတ်မီ (၉-၁၂-၂၀၂၄)ရက်နေ့တွင် အခြေခံအလုပ် သမားအဖွဲ့အစည်း (ဥက္ကဋ္ဌ)ဦးကျော်ဇင်ထွန်းနှင့် အမှုဆောင်(၃)ဦးအပါအဝင်(၁၁)ဦးတို့သည်

စက်ရုံနှင့်ပတ်သက်သည့် အမှုများအားလုံး ကျေအေးရုတ်သိမ်းပေးမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပြီး အလုပ်မှနုတ်ထွက်သွားကြောင်း အလုပ်ရှင်၏ တင်ပြစာများအရ တွေ့ရှိရပါသည်။ ဦးဆောင်တိုင်ကြားသူများ အမှုရုတ်သိမ်းပိုင်ခွင့်မရှိပေ။ အလုပ်သမား(၅၇၆)ဦး လက်မှတ်ရေးထိုးတိုင်ကြားထားသည့်အတွက် ၎င်းတို့အားလုံး ရုတ်သိမ်းမှသာ ရုတ်သိမ်းခွင့်ရှိကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်။**

(က) အလုပ်ရှင်က အလုပ်သမားတစ်ဦးလျှင် ရှားပါးစရိတ် ၃၀၀၀၀/-ကျပ် ပေးရန်တောင်းဆိုမှုသည် အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သောကြောင့် တောင်းဆိုမှုကို ပယ်ကြောင်း ဆုံးဖြတ်သည်။

(ခ) အလုပ်ရှင်က အလုပ်သမားများအား Grade A မှ Grade C အထိ Grade ကြေး ၃၀၀၀၀/-ကျပ်တိုးပေးရန်တောင်းဆိုမှုသည် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ ပေးသောနှုန်းထားဖြစ်သောကြောင့် အလုပ်ရှင် နှင့် အလုပ်သမား ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သောကြောင့် တောင်းဆိုမှုကို ပယ်ကြောင်း ဆုံးဖြတ်သည်။

(ဂ) Iron ဌာနအတွက် အပူခံကြေး ၄၀၀၀၀/-ကျပ်ပေးရန် တောင်းဆိုမှုသည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သော ၂၀၁၉ ခုနှစ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သောကြောင့် တောင်းဆိုချက်ကို ပယ်ကြောင်းဆုံးဖြတ်သည်။

(ဃ) အလုပ်ရှင်က အလုပ်သမားများအား အထည်ထွက်နှုန်းအလိုက် အထည်ကြေးပေးရန် တောင်းဆိုမှုသည် အလုပ်ရှင်နှင့်အလုပ်သမား ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သောကြောင့် တောင်းဆိုမှုကို ပယ်ကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ထ။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ခင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

ခွင့်
(ဒေါ်ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

ခွင့်
(စောတင်)
အဖွဲ့ဝင်

(ဖိုးလွင်)
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်